ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

Mandalay Brewery Co., Ltd. ၏ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက် ၀.၉၅ ကီလိုမီတာအကွာရှိ မြေဧရိယာ (၇.၉၀၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဘီယာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate–ECC)**

ရက် စွဲ ။ ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၁၂ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၈၂၆ ) ရက်စွဲ ။ ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၁၂ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင်ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – | ဦးရဲဝင်းစိုး<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – | Mandalay Brewery Co., Ltd.<br>လမ်း (၈၀)၊ မန္တလေးနန်းတော်၏ အနောက် မြောက်ဘက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး၊ ဖုန်း ၀၉-၄၀၆၀၅၄၉ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – | ဘီယာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – | မြေဧရိယာ (၇.၉၀၈၁) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – | လမ်း (၈၀)၊ မန္တလေးနန်းတော်၏ အနောက် မြောက်ဘက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း** | – | (၅)နှစ်<br>စတင်ထုတ်ပေးရက် – ၂၈- ၁၁ -၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် – ၂၇- ၁၁ -၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | – | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၂-၉-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၆၄၁/ ၂၀၂၂)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင် ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်း တိုးပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလို အလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Mandalay Brewery Co., Ltd မှ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက် ၀.၉၅ ကီလိုမီတာအကွာရှိ မြေရေိယာ (၇.၉၀၈၁) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ချက်ရှိသည့် ဘီယာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Mandalay Brewery Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက် ၀.၉၅ ကီလိုမီတာအကွာရှိ မြေရေိယာ (၇.၉၀၈၁) ပေါ်တွင် ဘီယာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၂-၉-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၆၄၁/၂၀၂၂) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးရဲဝင်းစိုး၊ Managing Director ၊ Mandalay Brewery Co.,Ltd. ၊ လမ်း (၈၀)၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၄၀၆၀၅၄၉ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ကြိတ်ခွဲထားသောမုယောစပါးများနှင့် ဆန်များကို Mash Tun (အချိုရည်ထွက်စေရန်ပြုတ်ခြင်း) သို့ပြောင်းရွှေ့၍ ပေါင်းအိုး (kettle) တွင်ရေပူများထည့်ကာ မုယောစပါးနှင့် ဆန်များကို ရောနယ်ပါသည်။ ဆန်၌ ရှိသော အင်ဇိုင်းများသည် ကစီဓာတ်ကိုဖြိုခွဲကာ ကစော်ဖောက်နိုင်သော သကြားအဖြစ်ပြောင်းလဲ၍ Mash Tun မှပျော့ဖတ်နှင့်အတူ သကာရည်များ ထွက်ရှိလာပါသည်။ သကာရည်အပူပေးတိုင်ကီ (wort kettle) အဆင်သင့်ဖြစ်လျှင် Pre-tun tank (သိုလှောင်တိုင်ကီ) မှသကာရည်များကို wort kettle သို့ပြောင်းရွှေ့၍ wort kettle တွင်သကာရည် ဆူပွက်စေအောင်အပူပေးပါသည်။ အပူပေးနေစဉ် ပရိုတင်းပါဝင်ပစ္စည်းများသည် ခဲပျစ်လာပြီး hop အနည်များနှင့်အတူ အနည်ထိုင်သွားပါသည်။ သကာရည်ပူနှင့် ခဲပျစ်သွားသောအနည်များကို ဝဲကတော့ သို့ပြောင်းရွှေ့ပါသည်။ ထို့နောက် သကာရည်ကို အပူဖလှယ်သောတိုင်ကီ (Heat Exchanger tank) သို့ရွှေ့ပြောင်းကာ ၉၅ ဒီဂရီဆဲလ်စီးယပ်စ် မှ ၁၁ (သို့) ၁၂ ဒီဂရီဆဲလ်စီးယပ်စ်ထိရောက်အောင် အအေးခံပါသည်။ အအေးခံထားသော သကာရည်ကို ဂလိုက်ကော အအေးခံစက်မှ ကစော်ဖောက်သည့် တိုင်ကီသို့ပြောင်းရွှေ့ကာ ကစော်ဖောက်ခြင်းစတင်ပြုလုပ်ပါသည်။ ကစော်ဖောက်ပြီး ရရှိလာသော ဘီယာကြမ်းများကို အနံ့အရသာရှိလာစေရန် သိုလှောင်တိုင်ကီများတွင်ထားရှိပါသည်။ ကုန်ချော

ထွက်ရှိမှုပမာဏအနေဖြင့် (၁) နှစ်လျှင် ဘီယာ ၁၅၀,၀၀၀ hl/year ၊ ဘီယာပုလင်း ၅၀၄,၀၀၀ နှင့် ဘီယာစည် ၈၆,၄၀၀ ထွက်ရှိသည်ဟုဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဓိကကုန်ကြမ်းမှာ မုယောစပါးနှင့်ဆန်တို့ဖြစ်ပြီး လုပ်ငန်းလည်ပတ်ရန်အတွက် 5 ton/h, 1.5 ton/h, 1 ton/h ဘွိုင်လာ (၃) လုံးတို့အသုံးပြုပါသည်။ အခြားအသုံးပြုသော ပစ္စည်းများအနေဖြင့် Mash Tun, Kettle, Lauter Tun, strainer, drain spigot, pre-tun tank, whirlpool, heat exchanger tank, Glycol တို့ဖြစ်ပါသည်။ ဘီယာထုတ်ကုန်များအနေဖြင့် Lager Beer- 640ml (ပုလင်း), 330ml (ပုလင်း), 30l (စည်), Super Fresh Larger ဘီယာ- 30l (စည်), 15l (စည်), Strong Beer 640ml (ပုလင်း), 30L (စည်) နှင့် Spirulina Beer- 30l (စည်) တို့ဖြစ်ပါသည်။ လောင်စာအနေဖြင့် ဒီဇယ်ဆီကို အသုံးပြု၍ ရေလိုအပ်ချက်အတွက် စက်ရုံအတွင်းရှိ အဝီစိတွင်း (၄) တွင်းမှ ရေရယူသုံးစွဲပါသည်။


၅။ **စီမံကိန်းတည်နေရာ။** လမ်း (၈၀)၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။

**Mandalay Brewery Co., Ltd မှ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက် ၀.၉၅ ကီလိုမီတာအကွာရှိ မြေဧရိယာ (၇.၉၀၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ချက်ရှိသည့် ဘီယာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**




– Project Location

## Mandalay Brewery Co., Ltd မှ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက် ၀.၉၅ ကီလိုမီတာအကွာရှိ မြေဧရိယာ (၇.၉၀၈၁) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ချက်ရှိသည့် ဘီယာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Layout Plan



# Mandalay Brewery Co., Ltd မှ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးနန်းတော်၏ အနောက်မြောက်ဘက် ၀.၉၅ ကီလိုမီတာအကွာရှိ မြေဧရိယာ (၇.၉၀၈၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ချက်ရှိသည့် ဘီယာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ လုပ်ငန်းစဉ်အဆင့်ဆင့်ပြပုံ



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၃၀-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၃၇၈/၂၀၂၃) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ တွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ကြိတ်ခွဲထားသောမုယောစပါးများနှင့် ဆန်များကို Mash Tun (အချိုရည်ထွက်စေရန်ပြုတ်ခြင်း) သို့ပြောင်းရွှေ့၍ ပေါင်းအိုး (kettle) တွင်ရေပူများထည့်ကာ မုယောစပါးနှင့် ဆန်များကို ရောနယ်ပါသည်။ ဆန်၌ ရှိသော အင်ဇိုင်းများသည် ကစီဓာတ်ကိုဖြိုခွဲကာ ကစော်ဖောက်နိုင်သော သကြားအဖြစ်ပြောင်းလဲ၍ Mash Tun မှပျော့ဖတ်နှင့်အတူ သကာရည်များ ထွက်ရှိလာပါသည်။ သကာရည်အပူပေးတိုင်ကီ (wort kettle) အဆင်သင့်ဖြစ်လျှင် Pre-tun tank (သိုလှောင်တိုင်ကီ) မှသကာရည်များကို wort kettle သို့ပြောင်းရွှေ့၍ wort kettle တွင်သကာရည် ဆူပွက်စေအောင်အပူပေးပါသည်။ အပူပေးနေစဉ် ပရိုတင်းပါဝင်ပစ္စည်းများသည် ခဲပျစ်လားပြီး hop အနည်များနှင့်အတူ အနည်ထိုင်သွားပါသည်။ သကာရည်ပူနှင့် ခဲပျစ်သွားသောအနည်များကို ဝဲကတော့ သို့ပြောင်းရွှေ့ပါသည်။ ထို့နောက် သကာရည်ကို အပူဖလှယ်သောတိုင်ကီ (Heat Exchanger tank) သို့ရွှေ့ပြောင်းကာ ၉၅ ဒီဂရီဆဲလ်စီးယပ်စ် မှ ၁၁ (သို့) ၁၂ ဒီဂရီဆဲလ်စီးယပ်စ် ထိရောက်အောင် အအေးခံပါသည်။ အအေးခံထားသော သကာရည်ကို ဂလိုက်ကော အအေးခံစက်မှ ကစော်ဖောက်သည့် တိုင်ကီသို့ပြောင်းရွှေ့ကာ ကစော်ဖောက်ခြင်းစတင်ပြုလုပ်ပါသည်။ ကစော်ဖောက်ပြီး ရရှိလာသော ဘီယာကြမ်းများကို အနံ့အရသာရှိလာစေရန် သိုလှောင်တိုင်ကီများတွင်ထားရှိပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘီယာချက်သည့်လုပ်ငန်းစဉ်တွင် ကြိတ်စက်မှအမှုန်အမွှားများထွက်ရှိနိုင်သဖြင့် အမှုန်ထွက်ရှိနိုင်သောနေရာများအား အချိန်တိုင်းဖုံးအုပ်ထားရန်၊

(၂) ကြိတ်ချေထားသည့်အရာများကို စုပ်ထုတ်သည့်အခါ မလိုလားအပ်သည့်ပျံ့နှံ့မှုများ မဖြစ်ပေါ်စေရန်အတွက် ပိုက်ကိုတင်းကြပ်စွာ တပ်ဆင်ထားရန်၊

(၃) အငွေ့ပျံလွယ်သော အော်ဂဲနစ်ဓာတ်ပေါင်း (VOC) နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ($CO_2$) ထွက်ရှိနိုင်သဖြင့် ဘီယာထုတ်လုပ်သည့် ပတ်ဝန်းကျင်အား အလုံပိတ်စနစ်အတွင်းထားရှိရန်နှင့် ဘီယာချက်လုပ်မှုနှင့် ဆေးကြောမှုလုပ်ငန်းများအား ချိန်ညှိဆောင်ရွက်ရန်၊

(၄) ကစော်ဖောက်ခြင်းလုပ်ငန်းစဉ်မှ ကာဗွန်ဒိုင်အောက်ဆိုဒ်ပြန်လည်ရယူရန်၊

(၅) ဘွိုင်လာမှလောင်ကျွမ်းဓာတ်ငွေ့စွန့်ထုတ်မှုထိန်းချုပ်ရန်အတွက် ဘွိုင်လာအား အချိန်မှန်မှန်သန့်ရှင်းရန်၊ ဘွိုင်လာဂျိုး (အိုးမဲ) များအား မှုတ်ထုတ်ရန်နှင့် ပိုလျှံသောလေများအား ထိန်းချုပ်ရန်၊

(၆) သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်မှ လောင်ကျွမ်းဓာတ်ငွေ့စွန့်ထုတ်မှု ထိန်းချုပ်ရန်အတွက် သယ်ပို့ယာဉ်များနှင့် ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းများအား အနည်းဆုံးဖြစ်အောင် စီမံရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မလိုလားအပ်သော ဆူညံသံထွက်ရှိမှုကိုလျှော့ချရန်အတွက် စက်ပစ္စည်းကိရိယာများအား ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းရန်၊

(၂) စက်ရုံအဆောက်အဦများအား အသံကာစနစ်တပ်ဆင်ထားရှိရန်၊

(၃) လိုအပ်သောတစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများ (PPE) အထူးသဖြင့် (နားကြပ်နှင့် လက်အိတ်) ထားရှိရန်၊

(၄) တုန်ခါမှုဖြစ်ပေါ်စေသော စက်ပစ္စည်းကိရိယာများအသုံးပြုမှု (သို့မဟုတ်) ထိတွေ့မှုများအား အချိန်ကန့်သတ်ရန်၊

(၅) စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးရန်၊ ထိန်းသိမ်းရန်နှင့် ပြုပြင်ရန်။

(င) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှစွန့်ပစ်ရေများကို မစွန့်ထုတ်မီ အတတ်နိုင်ဆုံး ပြန်လည်အသုံးပြုရန်၊

(၂) ရေသန့်စက်ဆေးကြောရေနှင့် ဘွိုင်လာစွန့်ထုတ်ရေများကို အခြားဆေးကြောသည့်နေရာများတွင် ပြန်လည်အသုံးပြုရန်၊

(၃) ပြုတ်ဖတ်ရည်များအား သီးခြားစွန့်ပစ်ရန်၊

(၄) ပြုတ်ဖတ်ရည်များကို စက်ရုံတွင် ခေတ္တသိုလှောင်ခြင်းမပြုဘဲ တိရစ္ဆာန်အစာအဖြစ်ရောင်းချရန်၊

(၅) BOD, COD ပါဝင်မှုနည်းသော စွန့်ပစ်ရေများကို သီးခြားစုယူရန်အတွက် ထိန်းညှိကန်တည်ဆောက်ရန်၊

(၆) NEQEGs လမ်းညွှန်ချက်များနှင့်အညီ လုပ်ဆောင်ပြီးမှသာလျှင် ပတ်ဝန်းကျင်သို့ စွန့်ထုတ်ရန်၊

(၇) စွန့်ပစ်ရေလှောင်ကန်များအား ဖုံးအုပ်ထားရန်။

(စ) **စွန့်ပစ်အစိုင်အခဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘီယာထုတ်လုပ်ခြင်းမှထွက်ရှိလာသော အရည်အသွေးမပြည့်မီသော မုယောစပါးနှင့် ဆန်ကွဲအကြွင်းအကျန်များအား (၂) ရက်လျှင် (၁) ကြိမ် မွေးမြူရေးလုပ်ကိုင်သော လယ်သမားများထံသို့ ပြန်လည်ရောင်းချရန်၊

(၂) ထုပ်ပိုးခြင်းအဆင့်မှထွက်ရှိသော ပုလင်းကွဲအပိုင်းအစများအား စုဆောင်း၍ ဖန်ထည်စက်ရုံသို့ပေးပို့ပြီး ဖန်ထည်များအသစ်ပြန်လည်ပြုလုပ်ရန်၊

(၃) အလုပ်သမားများမှ ထွက်ရှိလာသော အထွေထွေစွန့်ပစ်အစိုင်အခဲများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်၍ စနစ်တကျ စွန့်ပစ်ရန်၊

(၄) စွန့်ပစ်ရမည့် ပြုတ်ဖတ်နှင့် တဆေးတို့ကို အလုံပိတ်ကန်ဖြင့် ထားရှိရန်၊

(၅) ပြုတ်ဖတ်နှင့် တဆေးတို့ကို စက်ရုံအတွင်း ခေတ္တသာထားရှိ၍ စွန့်ပစ်ရန်။

(ဆ) **မြေထုညစ်ညမ်းမှု ထိန်းချုပ်မည့်အစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သန့်ရှင်းရေးကောင်းမွန်စွာပြုလုပ်ခြင်း၊ လုပ်ငန်းခွင်နေ့စဉ်သန့်ရှင်းခြင်းနှင့် စွန့်ပစ်ရန်အတွက် အမှိုက်ပုံးများအား စနစ်တကျအသုံးပြုခြင်း၊ သိုလှောင်ခြင်းနှင့် အရာဝတ္ထုပုံးခွံများကို စနစ်တကျစွန့်ပစ်ခြင်း စသည်တို့ကို လုပ်ဆောင်ရန်၊

(၂) ဆီသိုလှောင်ကန်များနှင့် ဆီပုံးများကို သင့်လျော်၍ လုံခြုံသော၊ စိမ့်မဝင်နိုင်သော ကြမ်းခင်းများပေါ်တွင်ထားရှိရန်၊

(၃) စက်ယန္တရားများအား ဆီဖြည့်စဉ် မြေထုညစ်ညမ်းမှုမဖြစ်စေရန် သင့်လျော်သော ဆောင်ရွက်မှုများပြုလုပ်ရန်။

(ဇ) **စွမ်းအင်စီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လျှပ်စစ်အသုံးမပြုသည့်အချိန်တွင် စက်ပစ္စည်းနှင့်မီးများကို ပိတ်ထားရန်၊

(၂) မီးချောင်းများနှင့် ဝပ်အားနည်းသောမီးလုံးများကိုသာ အသုံးပြုရန်၊

(၃) ဆုံးရှုံးမှုလျှော့ချရန်နှင့် ပိုမိုထိရောက်စေရန် လုပ်ငန်းစဉ်များနှင့် ပိုက်လိုင်းများအား ပြုပြင်ထိန်းသိမ်းရန်။

(ဈ) **မီးဘေးအန္တရာယ်အစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံအလုပ်သမားများအတွက် မီးဘေးအန္တရာယ်နှင့်ပတ်သက်သော လေ့ကျင့်ရေးများ၊ သင်တန်းများကို ပုံမှန်ပြုလုပ်ရန်၊

(၂) မီးသတ်ဆေးဘူးများ၊ အရေးပေါ်ထွက်ပေါက်များနှင့် စုဝေးရာနေရာများကို ထားရှိပေးရန်၊

(၃) မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေသိုလှောင်ကန်များနှင့် အထောက်အကူပြုစနစ်များ ထားရှိပေးရန်၊

(၄) အရေးပေါ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များ ထားရှိပေးရန်။

(ည) **လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့်ကျန်းမာရေးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအား ဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းများ၊ စက်ကိရိယာဆိုင်ရာ အစည်းအဝေးများစသည့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်ပေးရန်၊

(၂) ဆူညံမှုဖြစ်ပေါ်စေသည့်နေရာအနီးတွင် အလုပ်လုပ်ကိုင်သော အလုပ်သမားများအား အလှည့်ကျအနားပေးရန်၊

(၃) အပူရှပ်ခြင်း ရုတ်တရက်ဖြစ်ပေါ်လာပါက ဖြစ်လျှင်ဖြစ်ချင်း ကျန်းမာရေးအကူအညီပေးရန်၊

(၄) လုပ်ငန်းခွင်တွင် အလုပ်သမားတို့၏ သံသယဖြစ်ဖွယ်အပြုအမူနှင့် လုပ်ဆောင်ချက်များကို စောင့်ကြည့်ရန်နှင့် လုပ်ငန်းခွင်အကြမ်းဖက်မှုမဖြစ်ပေါ်စေရန်အတွက် ပညာပေးရန်၊

(၅) အရည်အချင်းပြည့်မီသည့် အလုပ်သမားများကိုသာ ကြီးမားသောစက်ယန္တရားများအား ကိုင်တွယ်မောင်းနှင်ရန်၊

(၆) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်ချက်များကို နားလည်စေရန်၊ အန္တရာယ်ကင်းစွာမောင်းနှင်စေရန်နှင့် ကုန်တင်ကုန်ချအန္တရာယ်ကင်းစွာလုပ်ဆောင်တတ်စေရေး သင်တန်းများပေးရန်၊

(၇) ဘီယာချက်စက်ရုံ၏ လုပ်ငန်းစဉ်များတွင် ဓာတုပစ္စည်းများကို စနစ်တကျကိုင်တွယ်ရန်နှင့် အသုံးပြုရန်၊

(၈) ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများသိုလှောင်ခြင်း အခြေအနေများကို သတိပြုကိုင်တွယ်သိမ်းဆည်းရန်၊

(၉) အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ကြည့်မှုများ ပြုလုပ်ပေးရန်နှင့် ပတ်ဝန်းကျင်သို့ကူးစက်နိုင်သော ရောဂါပိုးပျံ့နှံ့ခြင်းကို ကြိုတင်ကာကွယ်ရန်၊ ဝန်ထမ်းများအား ကိုယ်အပူချိန်တိုင်းပေးရန်၊ ကျန်းမာသောလုပ်သားများကို ခွဲခြားထားရန်၊ နာမကျန်းဖြစ်ပါက အိမ်၌ အနားယူစေရန်၊ ကျန်းမာရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ခြင်း၊ ဆေးရုံဆေးခန်းများ၌ ကုသခြင်းများလုပ်ဆောင်ပေးရန်၊

(၁၀) ယာဉ်၊ စက်ယန္တရားများနှင့် ကိရိယာတန်ဆာပလာများမှ မီးခိုးထုတ်လွှတ်မှုကို ကာကွယ်နိုင်ရန်အတွက် ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းများကို လုပ်ဆောင်ရန်၊

(၁၁) စက်ရုံမှ ရေဆိုးစွန့်ထုတ်ရာတွင် အနီးအနားပတ်ဝန်းကျင်ကို အနှောက်အယှက် (သို့မဟုတ်) ထိခိုက်မှုမဖြစ်စေရန် သေချာစွာပြုလုပ်ရန်၊

(၁၂) ယာဉ်မတော်တဆဖြစ်မှုအားကာကွယ်ရန်နှင့် စီမံကိန်းသက်ဆိုင်သူအများပြည်သူများခံစားရသော ဒဏ်ရာများလျှော့ချရန် အကောင်းဆုံးဘေးအန္တရာယ်ကင်းရှင်းရေး လေ့ကျင့်မှုများအား လုပ်ဆောင်ရန်၊

(၁၃) မော်တော်ယာဉ်သွားလာချိန်လျှော့ချခြင်းနှင့် ယာဉ်မောင်းများအား အလုပ်ညှိကျမောင်းနှင်စေခြင်းတို့ ပြုလုပ်ရန်၊

(၁၄) ပြည်သူလူထု ဘေးအန္တရာယ်ကင်းရှင်းနိုင်စေရန်အတွက် စက်ရုံအတွင်းရှိ ကန့်သတ်ထားသောနေရာများကို သွားလာခွင့်တားမြစ်ရန် (လုံခြုံရေးဝန်ထမ်းများ ညွှန်သည့်မှတ်တမ်းများ ဖြတ်သန်းသွားလာခွင့်များ၊ ခြံစည်းရိုးများ၊ သတိပေးဆိုင်းဘုတ်များထားရှိခြင်း)။

(ဠ) **ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသောပစ္စည်းများ ယိုဖိတ်ခြင်းဆိုင်ရာ အရေးပေါ်အစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်–

(၁) အမိုးနီးယားအအေးခံစနစ်အား ကျွမ်းကျင်သောဝန်ထမ်းများကိုသာ စနစ်တကျလည်ပတ်စေရန်နှင့် ထိန်းသိမ်းတတ်စေရေး သင်တန်းများပေးခြင်း၊ လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ဆောင်ပေးရန်၊

(၂) အအေးပေးစက်ပစ္စည်းများအားလုံးအတွက် စက်ပစ္စည်းထုတ်လုပ်သူ၏ အကြံပြုချက်နှင့်အညီ တားဆီးကာကွယ်ရန်၊ ထိန်းသိမ်းပြုပြင်ရန်နှင့် အချိန်ဇယားများ ပြင်ဆင်ထားရှိရန်၊

(၃) အမိုးနီးယားယိုစိမ့်မှုမရှိသော အအေးခံစနစ်ဖြစ်စေရန်အတွက် အမြဲထိန်းသိမ်းထားရှိရန်၊

(၄) အမိုးနီးယားအနံ့ဆိုင်ရာ အစီရင်ခံစာများအား စစ်ဆေးကာ ယိုစိမ့်မှုများဖြစ်ပေါ်ပါက ချက်ချင်းပြင်ဆင်၍ ပိုက်များ၊ အဆို့ရှင်များ၊ တံဆိပ်များ၊ အနားကွပ်များအား ယိုစိမ့်မှု ရှိ/မရှိ အနည်းဆုံး (၁) နှစ်လျှင် (၄) ကြိမ် စမ်းသပ်စစ်ဆေးရန်၊

(၅) အအေးခံစနစ်လိုင်းများနှင့် အဆို့ရှင်များအား အမျိုးအစားခွဲခြားထားရန်၊

(၆) အမိုးနီးယားသုံး အအေးခံပိုက်လိုင်းများအား အပူမကာနိုင်ခြင်း၊ အငွေ့မကာနိုင်ခြင်း၊ သံချေးတက်ခြင်းနှင့် တိုက်စားခြင်းများမဖြစ်စေရန် အခါအားလျော်စွာ ကြည့်ရှုစစ်ဆေးရန်၊

(၇) ယိုယွင်းပျက်စီးနေသော အအေးခံစနစ်ပိုက်လိုင်းများအား လိုအပ်သလို အစားထိုးလဲလှယ်ပေးရန်၊ အမိုးနီးယားအအေးခံခြင်း၊ တိုက်စားခြင်းနှင့် သံချေးတက်ခြင်းတို့မှ ကာကွယ်ရန်အတွက် ပိုက်လိုင်းများ၏ အောက်ခြေအပူမခံနိုင်သောစနစ်များကို ကြည့်ရှုစစ်ဆေးရန်၊

(၈) အပူမကာထားသော အအေးခံပိုက်လိုင်းများအား ဖုန်မှုန့်များနှင့် တိုက်စားမှုများမှ ကာကွယ်ရန်သန့်စင်ပေးခြင်း၊ အောက်ခံအလွှာ သုတ်လိမ်းပေးခြင်းနှင့် အပေါ်အလွှာတစ်ထပ်ဆေးသုတ်ပေးခြင်းဖြင့် သံချေးတက်ခြင်းမှ ကာကွယ်ထားရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုနှင့်ပတ်သတ်၍ လုပ်ငန်းခွင်အတွင်း ဘွိုင်လာရှိမီးခိုးခေါင်းတိုင်မှထွက်ရှိသော $PM_{10}$, $PM_{2.5}$, NO, $SO_2$, $CO_2$, CO, $H_2S$, $NH_3$ တို့ကို (၁) နှစ်လျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ရေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ဘီယာချက်စက်ရုံမှ ထွက်ရှိသောစွန့်ပစ်ရေဆိုးအရည်အသွေး (pH, BOD, COD, TSS, Oil and Grease, Total Coliform, $NH_3$, Total Nitrogen, Total Phosphorus and Temperature) အား (၁) နှစ် (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ဆူညံသံနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း (၁) နှစ် (၁) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) အနံ့ဆိုးထွက်ရှိမှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း အခါအားလျော်စွာ တိုင်းတာစစ်ဆေးရန်၊

(၅) မြေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း ဆီလျောင်ကန်များနှင့် ယိုစိမ့်မှုအခြေအနေများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ကျကျန်သော ပစ္စည်း

များ၊ လောင်စာဆီထားရှိရာနေရာနှင့် ယိုစိမ့်မှုအခြေအနေတို့အား နေ့စဉ်စစ်ဆေးရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း အပတ်စဉ်စစ်ဆေးရန်၊

(၇) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ လုပ်ငန်းခွင်အတွင်း (၁) နှစ်လျှင် (၁) ကြိမ် စစ်ဆေးသွားရန်၊

(၈) ဓာတုပစ္စည်းနှင့် အန္တရာယ်ဖြစ်စေသောပစ္စည်းများယိုဖိတ်ပါက လုပ်ဆောင်ရမည့် အရေးပေါ်ဆောင်ရွက်မှုများအား (၁) နှစ်လျှင် (၁) ကြိမ် စစ်ဆေးသွားရန်။

(ဉ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအရ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အသုံးပြုမည့်လျာထားအသုံးစရိတ်အား အောက်ပါအတိုင်းဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ရေဆိုးသန့်စင်မှုစနစ်အတွက် အမေရိကန်ဒေါ်လာ ၃၉,၀၀၀ အား လျာထားအသုံးပြုရန်၊

(၂) ဘွိုင်လာများကြိုတင်ကာကွယ်ထိန်းသိမ်းမှုများအတွက် အမေရိကန်ဒေါ်လာ ၈,၅၀၀ အား လျာထားအသုံးပြုရန်၊

(၃) မိလ္လာရေဆိုးစွန့်ပစ်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၃,၀၀၀ အား လျာထားအသုံးပြုရန်။

(တ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကိုတင်ပြရမည်။

## ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက် ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံ အမျိုးသား အဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်း အစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေ ကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေးဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့

နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှု တို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများ အတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြု သူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲ မှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက်တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင်တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန်အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိဆောင်ရွက်ပေးရန်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှု

များ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ၎င်းဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်း သည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက် နိုင်ရေးခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာ များကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်း ခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင် ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်း အဆိုပြုသူမှကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှ တစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစီအစဉ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည်ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။